ミャンマー語

မြို့နယ်အဖွဲ့အစည်း အဖွဲ့ဝင်အဖြစ်ဖြင့် နေထိုင်ရလွယ်ကူကောင်းမွန်သော မြို့တစ်မြို့အဖြစ် တည်ဆောက်ရန်!

အဖွဲ့ဝင် မဖြစ်သေးသူများသို့

နေ့စဉ်လူနေမှုဘဝတွင် အမှိုက်ပြဿနာနှင့် လမ်း၊ ရေမြောင်းစသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲခြင်း၊ အန္တရာယ်ကင်းသော လမ်းပန်းဆက်သွယ်ရေး၊ ရာဇဝတ်မှု တာဆီးရေး ဗျူဟာစသည့် တစ်ဦးတစ်ယောက်တည်း မဖြေရှင်းနိုင်သည့် ပြဿနာ အများအပြား ရှိပါသည်။
ထို့အပြင် ငလျင်စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားချိန် လုပ်ဆောင်ရာတွင်လည်း နေထိုင်သူ လူတစ်ဦးတစ်ယောက်ချင်းစီက စည်းလုံးညီညွတ်စွာ၊ အချင်းချင်း အပြန်အလှန်ကူညီလိုစိတ် ရှိရပါမည်။
မြို့နယ်အဖွဲ့အစည်းတွင် အချင်းချင်း အပြန်အလှန်ကူညီပြီး၊ လူမှုဆက်ဆံရေး အဝန်းအဝိုင်းတစ်ခုကို ပိုမိုကျယ်ပြန့်အောင် လုပ်ကာ၊ ဖော်ပြပါ ပြဿနာ အသီးသီးကို အားလုံးပူးပေါင်းဆောင်ရွက်ကာ ဖြေရှင်းရန်ကြိုးပမ်းနေကြပါသည်။
သင်လည်း မြို့နယ်အဖွဲ့အစည်း အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကာ နေထိုင်ရလွယ်ကူကောင်းမွန်သော မြို့တစ်ခု တည်ဆောက်ရာမှာ မပါဝင်ချင်ဘူးလား။

မြို့နယ်အဖွဲ့အစည်း ဆိုသည်မှာ

မြို့နယ်အဖွဲ့အစည်း ဆိုသည်မှာ ရေစက်ပါလာ၍ ဒေသတစ်ခုတည်းတွင် အချင်းချင်း အပြန်အလှန်ရိုင်းပင်းကူညီကာ နေထိုင်နေကြသော လူများ၏ ပူးပေါင်းကူညီချင်စိတ်ဖြင့် တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်သည်။
ဆုမြို့တွင် အိမ်ထောင်စု အများစုမှာ မြို့နယ်အဖွဲ့အစည်းတွင် ပါဝင်ထားပြီး မိမိဆန္ဒအလျောက် မြို့ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်ရာမှာ ပါဝင်ကူညီနေကြပါသည်။
မြို့နယ်အဖွဲ့အစည်းမှာ အသင်းဝင်ကြေးနှင့် မြို့နယ်မှပေးအပ်သော ထောက်ပံ့ကြေးများဖြင့် စီမံခန့်ခွဲမှု လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နေလျက်ရှိပါသည်။

မြို့နယ်အဖွဲ့အစည်းတွင် အဖွဲ့ဝင်ခြင်း

မြို့နယ်အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်လိုပါက မိမိနေထိုင်သော မြို့ရှိ မြို့နယ်အဖွဲ့အစည်း □ကွင်းထဲတွင် စာရင်းပေးနိုင်သည်။

သင်နေထိုင်သို့ မြို့ရှိ မြို့နယ်အဖွဲ့အစည်းမှာ

_____ ဖြစ်သည်။

အဖွဲ့ဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

မေးမြန်းစုံစမ်းရန် မြို့နယ်အဖွဲ့အစည်း
နာမည်အပြည့်အစုံ :
နေရပ်လိပ်စာ :
ဖုန်းနံပါတ် :

မြို့နယ်အဖွဲ့အစည်း၏ အဓိကလုပ်ငန်းဆောင်တာများ

နေထိုင်ရလွယ်ကူကောင်းမွန်သော မြို့တစ်ခုတည်ဆောက်ရန် ရည်မှန်းကာ မြို့နယ်အဖွဲ့အစည်းတွင် အောက်ဖော်ပြပါ လုပ်ငန်းများ လုပ်ကိုင်နေပါသည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန် အချင်းချင်း အပြန်အလှန် ကူညီရန် မိမိဆန္ဒအလျောက် လုပ်ကိုင်နိုင်သည့် သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ မီးသတ်ဆေးဘူးများ တပ်ဆင်ထားပြီး၊ ကယ်ဆယ်ရေး လေ့ကျင့်ခန်းများနှင့် မီးသတ်လေ့ကျင့်မှုများ ပြုလုပ် နေသည်။

ယာယီအမှိုက်သရိုက်များ စုဆောင်းသည့်နေရာများကို စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းလှပရန် လုပ်ဆောင်ခြင်း

အိမ်သုံးစွန့်ပစ်ပစ္စည်းများအတွက် ယာယီအမှိုက် စုဆောင်းသည့် နေရာများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအပြင် လမ်းများနှင့် ပန်းခြံများ သန့်ရှင်းရေး ကဲ့သို့သော မြို့နယ်ပတ်ဝန်းကျင် လှပလာရန် လုပ်ဆောင်နေပါသည်။

သတင်းအချက်အလက်ဖြန့်ဝေခြင်း

မြို့နယ်အဖွဲ့အစည်းမှ သတင်းအချက်အလက်များ၊ စီရင်စုများနှင့် မြို့ကြီးများမှ သတင်းကြားစာများကို ဖြန့်ဝေခြင်းအပြင် ပိုစတာများပိုစတာကပ်ရန်အတွက် ဘုတ်ထောင်ခြင်းများ ပြုလုပ်နေသည်။

လုံခြုံရေးမီးများ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှု

ညအချိန် မှောင်မိုက်သော လမ်းကြား များတွင် အန္တရာယ်ကင်းစွာ သွားလာနိုင်သည်မှာ လုံခြုံရေးမီးများ တပ်ဆင်ခြင်းကြောင့် ဖြစ်သည်။ လုံခြုံရေးမီးများ ကို မြို့နယ်အဖွဲ့အစည်းမှ တပ်ဆင် ထိန်းသိမ်းထားသည်။

ယာဉ်အသွားအလာဘေးကင်းရေးနှင့် ရာဇဝတ်မှု ကာကွယ်ရေး လုပ်ငန်းများ

ယာဉ်မတော်တဆမှုများနှင့် ရာဇဝတ်မှုများကို ကာကွယ်ရန် ဒေသခံများအား သတင်းအချက်အလက်နှင့် ကင်းလှည့်မှုများ ပြုလုပ် ပေးကာ လုံခြုံစိတ်ချစွာ နေထိုင်နိုင်သည့် ရပ်ရွာတစ်ခုဖန်တီးရန် လုပ်ဆောင်နေသည်။

ပိုမိုရင်းနှီးလာစေရန် အစီအစဉ်များ

အဖွဲ့ဝင်များ၏ ခင်မင်ရင်းနှီးမှုအတွက်အားကစားပွဲများ၊ ပွဲတော်များနှင့် ခရီးသွားခြင်းစသည့် စိတ်လက်ပေါ့ပါးစွာ ပါဝင်နိုင်သည့် အစီအစဉ်များ ရှိပါသည်။

လူမှုဖူလုံရေးလှုပ်ရှားမှုများ

လူမှုဖူလုံရေးကောင်စီနှင့် ပူးပေါင်း၍ ဒေသ၏ လူမှုဖူလုံရေးကို တိုးတက်အောင် လုပ်ဆောင်နေသည်။

ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

ကလေးများအသင်း၊ သက်ကြီးရွယ်အိုများ အသင်း စသည့် ဒေသတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို ထောက်ပံ့ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများ လုပ်ဆောင် နေပါသည်။

ဆုမြို့၏ မြို့နယ်အဖွဲ့အစည်း ဖွဲ့စည်းပုံ